ခုံသမာဓိအဖွဲ့

## ခုံသမာဓိအဖွဲ့၏ ရှင်းလင်းချက်

{ နည်းဥပဒေ - ၂၇ }

## ခုံသမာဓိအဖွဲ့ အငြင်းပွားမှုအမှတ်(၉၉/၂၀၁၆)၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ရှင်းလင်းချက်

ရက်စွဲ။ ၂၀၁၆ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်

ရည်ညွှန်းချက်။ ၃၀-၉-၂၀၁၆ ရက်စွဲဖြင့် ဒေါ်မိုးမိုးအောင်မှ အငြင်းပွားမှုနှင့်စပ်လျဉ်း၍ မရှင်းလင်းသည်များကို ပြန်လည်ရှင်းလင်းပေးရန် တောင်းဆိုမှုအပေါ် ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့သို့လိပ်မူစာ

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဃာ/၁၄ ရပ်ကွက်၊ ဇီယာ(၁)လမ်း၊ အမှတ်-၉၁၀ နေထိုင်သူ ဒေါ်မိုးမိုးအောင်(၁၂/ရပသ(နိုင်)၀၂၈၁၉၈)မှ ၃၀-၉-၂၀၁၆ ရက်စွဲဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့အငြင်းပွားမှုအမှတ်(၉၉/၂၀၁၆)၏ ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ မရှင်းလင်းသည်များကို ပြန်လည်ရှင်းလင်းပေးရန်တောင်းဆိုခြင်းအပေါ် စပ်လျဉ်း၍ အောက်ပါအတိုင်း ရှင်းလင်းအပ်ပါသည်-

(က) ဝမ်နင် ၃ ကြိမ်ကျူးလွန်မှုအား ခုံသမာဓိအဖွဲ့မှ ကြားနာစစ်ဆေးပြီး သတိပေးအကြောင်းကြားစာ ၃ စောင်ကို သက်သေခံ- ဇ၊ ဈ နှင့်ည အဖြစ် အလုပ်ရှင်မှ တင်သွင်းခဲ့ပြီး ထိုသက်သေခံ သတိပေးအကြောင်းကြားစာများတွင် တောင်းဆိုသူ အလုပ်သမားဝန်ထမ်းဒေါ်မိုးမိုးအောင်ကိုယ်တိုင် လက်မှတ်ရေးထိုးထားသည်ကို တွေ့ရှိရသည်။

(ခ) ဝမ်နင် တစ်ကြိမ်သည် အလုပ်ရှင်မှ အလုပ်သမားအား မသမာသောနည်းဖြင့် ထိုးခိုင်းခြင်းကို အလုပ်သမားမှ တင်ပြထွက်ဆိုချက်မရှိသဖြင့် မှတ်သားထားခြင်းမရှိပါ။ အလုပ်ရှင်တင်ပြထားသောစာတွင် ၂၂-၆-၂၀၁၆ရက်နေ့၊ ၆-၇-၂၀၁၆ ရက်နေ့နှင့် ၇-၇-၂၀၁၆ ရက်နေ့တို့တွင် ၃ ကြိမ်ခံဝန်ထိုးတာ ဟုတ်ပါသလား၊ ကိုယ်တိုင်ထိုးခဲ့ပါသလားဟုမေးရာ အလုပ်သမားဒေါ်မိုးမိုးအောင်မှ ဟုတ်ပါသည်။ ကျွန်မ လက်မှတ်ရေးထိုးခဲ့ပါသည်ဟု ဖြေကြားထွက်ဆိုထားသည်ကို မှတ်သားထားခြင်းဖြစ်သည်။

(ဂ) နို့တစ်ပေးစာသည် အစမ်းခန့်ကာလ ၃ လအတွင်း ၁၃-၇-၂၀၁၆ ရက်နေ့မှ ၁၃-၈-၂၀၁၆ ရက်နေ့အထိ တစ်လကြို့တင်ပေးထားသဖြင့် နို့တစ်စာသည် ဥပဒေနှင့် အညီဖြစ်ကြောင်းတွေ့ရှိရသည်။

(ဃ) စစ်ဆေးတွေ့ရှိချက်ဟူသော ဆုံးဖြတ်ချက်တွင် ဒေါ်မိုးမိုးအောင်မှ Sample ချုပ်ရန်ငြင်းဆိုခြင်းသည် လုံးဝမချုပ်နိုင်ဟု ပြောခြင်းမရှိသော်လည်း ဒေါ်မိုးမိုးအောင်မှ "၇ လပိုင်းတွင်အထည်နမူနာချုပ်ခိုင်းပါသည်။ ထိုအခါ ကျွန်မက နေရာမှားနေတယ်၊ ကျွန်မကို ပေးထားတာ Line Leader ဖြစ်သည့်အတွက် အကယ်၍ Sample ချုပ်ခိုင်းရင် အမည်ပြင်ဆင်ပေးပါ။ ထိုသို့ပြင်ဆင်ပေးပါက Sample လည်းချုပ်ပေးမယ်၊ လိုင်းကိုလည်း ကိုယ်တိုင်ကိုယ်ကျပြောင်းပေးမယ်ပြောပါသည်။ စက်ရုံမှူးက ထိုသို့မရဘူးဟုပြောပါသည်။ ထိုအခါ စက်ရုံမှူးက ကျွန်မကို ချုပ်မှာလား၊ မချုပ်ဘူးလားမေးပါသည်။ ကျွန်မက Position နေရာပြောင်းပေး၊ ချုပ်ပေးမည်ဟု အငြင်းပွားမှုဖြစ်

ခဲ့ပါသည်"ဟု ထွက်ဆိုထားသည်ကို တွေ့ရှိရပါသည်။ ထိုထွက်ဆိုချက်အရပင် Sample ချုပ်ရန်ခိုင်းခြင်းကို ငြင်းဆိုခြင်းဖြစ်သည်မှာ ပေါ်လွင်ပါသည်။ ထိုငြင်းဆိုမှုကြောင့်ပင် အလုပ်ရှင်မှ အထက်မှပေးအပ်သောတာဝန်ကို ငြင်းဆန်ခြင်းကြောင့် အလုပ်မှရပ်စဲရန် နို့တစ်တစ်လပေးပြီး အလုပ်တာဝန်ရပ်စဲခြင်းဖြစ်ကြောင်း၊ ရုံးတွင်း အမိန့်တွင် ဖော်ပြထားခြင်းဖြစ်သည်။

(င) ရာထူးနေရာပြောင်းပေးလျှင် Sample ချုပ်ပေးမည်ဟုပြောခြင်းသည် အထက်မှပေးအပ်သောတာဝန်ကို ငြင်းဆန်ရာကျကြောင်း တွေ့ရှိရသည်။

(စ) မမိန်းမိန်းမှ ရဲစခန်းတွင် အမှုဖွင့်ထားကြောင်းကို ဒေါ်မိုးမိုးအောင်နှင့် အလုပ်ရှင်ကိုယ်စားလှယ်ဒေါ်ရွှေရောက်လီမှ ခုံသမာဓိအဖွဲ့ထံတွင် ထွက်ဆိုခဲ့သဖြင့် သုံးသပ်ချက်တွင် ထည့်သွင်းခဲ့ခြင်းဖြစ်သည်။ ဆုံးဖြတ်ချက်တွင် ထည့်သွင်းရေးခဲ့ခြင်းမရှိပါ။

(ဆ) ဒေါ်မိုးမိုးအောင်မှ ရုံးရှေ့တွင် "ကျွန်မကို ကိုယ်ထိလက်ရောက်မှုဖြင့် အမှုဖွင့်ထားပါသည်။ ဒေါ်မိန်းမိန်းက ကျွန်မကို လက်ချိုးလို့ ဥပဒေရုံးတွင်အမှုဖွင့်ထားပါသည်" ဟု ထွက်ဆိုထားသည့်အပြင် အလုပ်ရှင်ဘက်မှလည်း အပြန်အလှန်အမှုဖွင့်ထားကြောင်း ထွက်ဆိုချက်များသည် မမိန်းမိန်းမှ အမှုဖွင့်ကြောင်း ပေါ်လွင်သောသက်သေခံချက်ဖြစ်သည်။

(ဇ) အလုပ်ရှင်မှ ပြောကြားချက်တစ်ခုတည်းဖြင့် ဆုံးဖြတ်ခဲ့ခြင်းမဟုတ်ပါ။ အလုပ်ရှင်နှင့် အလုပ်သမားတို့နှစ်ဖက်ထွက်ဆိုချက်များအပေါ် သုံးသပ်၍ အမှန်အတိုင်း တရားမျှတစွာဆုံးဖြတ်ခြင်းဖြစ်သည်။ ခိုင်မာသောအကြောင်းပြချက်ရှိ၊ မရှိကို အမှုတွဲတွင် ပေါ်ပေါက်ချက်များအရ သိရှိနိုင်သည်။

(ဈ) တစ်ဦးနှင့်တစ်ဦးမကျေလည်၍ပြောဆိုရာတွင် ပြုံးရွှင်ခြင်းရှိနိုင်၊ မရှိနိုင်ကို ဖြစ်ပွားသူများသာသိနိုင်လိမ့်မည်ဖြစ်ပြီး အမှုကို ဆုံးဖြတ်ချက်ချရာတွင် ပြုံးရွှင်ခြင်းရှိ၊ မရှိ အပေါ် အခြေခံပြီးဆုံးဖြတ်ခဲ့ခြင်း မဟုတ်ဘဲအမှုပေါ်ပေါက်ချက် အတိုင်းသာဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

(ည) ၂၅-၇-၂၀၁၆ ရက်နေ့တွင် ဒေါ်မိုးမိုးအောင်မှ ဆဲဆိုကြောင်းကို စက်ရုံဝန်းရှိ စားသောက်ဆောင်အတွင်း၌ဝန်ထမ်းအားလုံးကို အသံကျယ်ရိုင်းစိုင်းစွာခွေးဖြစ်၊ နွားဖြစ်၊ ကွဲဖြစ်၊ ကျွန်ဖြစ်ဆဲဆိုခြင်းကို သက်ဆိုင်ရာစက်ရုံမှူးအနေဖြင့် အရေးယူပေးပါရန် ဒေါ်အေးအေးနွယ်၊ ဒေါ်ခင်စန္ဒာဦးတို့၏ လက်ဗွေလက်မှတ်များဖြင့် ဝန်ထမ်းကိုယ်စားတင်ပြထွက်ဆိုချက်အား အလုပ်ရှင်မှ သက်သေခံ-ခ အဖြစ် အမှုတွင်တင်ပြသည့်စာအရ ပေါ်လွင်သည်။ ကာယကံရှင်အား ခေါ်ယူစစ်ဆေးရန်မလိုအပ်ပါ။ မည်သည့် နာရီ၊ အချိန် ဟု မပါသော်လည်း လက်မှတ်၊ လက်ဗွေ၊ တိုင်တန်းသူအမည်များပါနေသဖြင့် ထိုစာအားသက်သေခံအဖြစ်လက်ခံခဲ့ခြင်းဖြစ်သည်။

(ဋ) အလုပ်သမားများကိုယ်စားဟု သုံးနှုန်းသောအညွှန်းတွင် ကိုယ်စားလက်မှတ်နှင့် လက်ဗွေများပါရှိသည်ကိုတွေ့ရှိရသည်။

(ဌ) မိတ္တူကို နောက်တစ်နေ့မှ တင်ခြင်းမဟုတ်ပါ။ အမှုစစ်သည့်နေ့က အလုပ်ရှင်ဘက်ကတစ်ပါတည်းတင်သည့်အပြင် အလုပ်ရှင်ကိုယ်စားလှယ်ဒေါ်ရွှေရောက်လီမှ ရုံးရှေ့တွင် ချေပထွက်ဆိုစဉ်က ၂၅-၇-၂၀၁၆ ရက်နေ့တွင်ပေးပို့ခဲ့သောစာများ ရုံးတွင်

မှုရင်းရှိကြောင်း၊ ၎င်းစာမိတ္တူကူးယူပြီး ခုံသမာဓိအဖွဲ့သို့ သက်သေခံ-ခ အဖြစ် တင်ပြခဲ့ခြင်းဖြစ် ၍ နောက်နေ့မှ တင်ပြခဲ့ခြင်းမဟုတ်ပါ။

၂။ ခုံသမာဓိအဖွဲ့သည် အငြင်းပွားမှုအမှတ်(၉၉/၂၀၁၆)အပေါ် ၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေများ၊ အပိုဒ်-၁၇ နှင့် အငြင်းပွားမှုဖြေရှင်းရေးခုံသမာဓိအဖွဲ့လုပ်ငန်းအစီအစဉ်များ၊ အပိုဒ်-၅ တို့နှင့်အညီ အငြင်းပွားမှုနှင့် သက်ဆိုင်သည့် အကြောင်းခြင်းရာများအပေါ်တွင် လေ့လာသုံးသပ်ပြီး ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။

၃။ ဒေါ်မိုးမိုးအောင်အနေဖြင့် ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အား ကျေနပ်မှုမရှိပါက ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ ပုဒ်မ-၂၈(က)အရ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ တရားဝင်ရုံးပိတ်ရက်များမပါ ၇ ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် လျှောက်ထားနိုင်ကြောင်းနှင့် အငြင်းပွားမှု အမှတ် (၉၉/၂၀၁၆) ဆုံးဖြတ်ချက်ပါ မရှင်းလင်းသည့်များကို ပြန်လည်ရှင်းလင်းထုတ်ပြန်ပေးလိုက်ပါသည်။

အတွင်းရေးမှူး
အငြင်းပွားမှုဖြေရှင်းရေးခုံသမာဓိအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး